**Network for Democracy and Development**

**Documentation and Research Department**

**P.O Box 179, Mae Sod, Tak, 63110, Thailand. Phone: +66 (0) 89 267 8417.**
**E-mail: ndddrd@csloxinfo.com; ndddrd07@gmail.com**

# တစ်ပတ်အတွင်းမြန်မာ့နိုင်ငံရေးသတင်းအကျဉ်းချုပ် [၀၉၉/ ၂၀၁၁]

၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ (၁၁) ရက်နေ့မှ ၂၀၁၁ ခုနှစ် ဒီဇင်ဘာလ (၁၇) ရက်နေ့အထိ

## ကြံ့ဖွံ့အစိုးရ

- နိုင်ငံရေးအခမ်းအနားများ မကြာခဏကျင်းပလေ့ရှိသော ကြည့်မြင်တိုင်မြို့နယ် သာဓုကျောင်းတိုက်မှ ကျောင်းထိုင် နာယက ရွှေညဝါ ဆရာတော် အရှင်ပညာသီဟကိုအာဏာပိုင်များက အမျိုးမျိုးဖိအားပေးနေကြောင်း ဒီဇင်ဘာ ၁၀ ရက်နေ့က ကျင်းပခဲ့သည့် ဒေါ်အောင်ဆန်းစုကြည်၏ ငြိမ်းချမ်းရေးနိုဗဲလ်ဆု ရရှိခြင်း နှစ် ၂၀ ပြည့် အခမ်းအနားမိန့်ခွန်းတွင် ဆရာတော်ကထည့်သွင်းမိန့်ကြားခဲ့သည်။ (Irrawaddy 121211) Read More...
- လွန်ခဲ့သည့် ဩဂုတ်လနှင့်စက်တင်ဘာလပိုင်းတွင် တရုတ်ပြည်ခရီးစဉ်အတွင်း ရန်ကုန်လေဆိပ်သို့ ပြန်ပို့ခံရပြီးနောက် ကရင်အမျိုးသားအစည်းအရုံး KNU ဗဟိုကော်မတီဝင် ဖဒိုမန်းငြိမ်းမောင်ကို အစိုးရသတင်းတပ်ဖွဲ့က မတရားသင်းဥပဒေနှင့် စွဲချက်တင်ထားပြီး မင်္ဂလာဒုံတရားရုံးတွင် ဒီဇင်ဘာ ၈ ရက်နေ့က ရုံးတင်စစ်ဆေးနေသည်ဟု ပြည်တွင်းထုတ်၏ပန်းစကား သတင်းဂျာနယ်တွင် ဖော်ပြထားသည်။ (RFA 121211) Read More...
- ကချင်ပြည်နယ်အတွင်း အစိုးရတပ်များထိုးစစ်ဆင်ခြင်းရပ်ဆိုင်းထားရန် သမ္မတ ဦးသိန်းစိန်က ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်ကို ဒီဇင်ဘာလ ၁၀ ရက်နေ့ကညွှန်ကြားစာပို့ထားကြောင်း ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငံဆိုင်းနှင့်နီးစပ်သူတစ်ဦးကပြောသည်။ (Mizzima 121211) Read More...
- ကချင်ပြည်နယ်အတွင်းရှိ စစ်ပြေးဒုက္ခသည်များအတွက် လွှတ်တော်ကိုယ်စားလှယ်များ၏ ပထမဆုံးလှူဒါန်းမှုဖြစ်သည့် ကျပ်ငွေ သိန်း ၇၀၀ ကို ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငံဆိုင်းထံသို့ ဒီဇင်ဘာ ၁၂ ရက်နေ့တွင် ပေးအပ်ခဲ့သည်ဟု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဒွဲဘူက ပြောသည်။ (Mizzima 121211) Read More...
- ပြည်ထောင်စုလွှတ်တော် နာယက ဦးခင်အောင်မြင့်၏ ဖိတ်ကြားမှုအရ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်သည် ဒီဇင်ဘာ ၁၁ ရက်နေ့က ရန်ကုန်မြို့ ဦးခင်အောင်မြင့်၏ နေအိမ်တွင် ပထမဆုံးအကြိမ် တွေ့ဆုံဆွေးနွေးခဲ့ကြသည်ဟု အမျိုးသားလွှတ်တော်နှင့်နီးစပ်သူများက ပြောသည်။ (RFA 121211) Read More...
- ရေတပ်ဦးစီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ညဏ်ထွန်း ဦးဆောင်သောအဖွဲ့သည် ဘင်္ဂလာဒေ့ရှ်သို့ လည်ပတ်ရန် ဒီဇင်ဘာ ၁၂ ရက်နေ့က ဒက္ကားမြို့တော်သို့ရောက်ရှိလာကာ စစ်ရေးဆိုင်ရာကိစ္စရပ်များသာမက စီးပွားရေးကိစ္စရပ်များဖြစ်ကြသော နှစ်နိုင်ငံလေကြောင်းပျံသန်းရေး၊ ချစ်ကြည်ရေးလမ်းဖောက်လုပ်ရေးနှင့် ရေကြောင်းလမ်းတိုးချဲ့ပြေးဆွဲရေးစသည့်ကိစ္စရပ်များကိုလည်းဆွေးနွေးခဲ့သည်။ (Narinjara 131211) Read More...
- တိုင်းရင်းသားဝန်ကြီးများကို တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးများနှင့်အတူ အစည်းအဝေးများတက်ရောက်ခွင့်မရခြင်း၊ အခြားတန်တူးအခွင့်အရေးများဆုံးရှုံးနေမှုများအပေါ် တန်တူအခွင့်အရေး ပေးရန်ဖွဲ့စည်းပုံအခြေခံဥပဒေခုံရုံးက ဒီဇင်ဘာ ၁၄ ရက်နေ့တွင် ဆုံးဖြတ်လိုက်သည်။ (BBC 141211) Read More...
- အစိုးရနှင့် ရှမ်းပြည်တပ်မတော် (SSA) တောင်ပိုင်းတို့ ငြိမ်းချမ်းရေးသဘောတူညီချက်လက်မှတ်ထိုးပြီးနောက် သမ္မတ ဦးသိန်းစိန်က ရထားပို့ဆောင်ရေးဝန်ကြီး ဦးအောင်မင်း ဦးဆောင်သော "ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့" ကို ဖွဲ့စည်းလိုက်ကြောင်း ပြည်တွင်းနိုင်ငံရေးအကဲခတ်များ၊ တိုင်းရင်းသားအဖွဲ့အစည်းများနှင့်နီးစပ်သူများကပြောသည်။ (Irrawaddy 151211) Read More..., BBC...

**NDD- မှတ်တမ်းတင်နှင့်သုတေသနဌာန**

- ကရင်အမျိုးသားအစည်းအရုံး (KNU) ထိပ်ပိုင်းခေါင်းဆောင်အချို့နှင့် ဒီဇင်ဘာလ ၇ ရက်နေ့က တွေ့ဆုံခဲ့သည့် ဘားအံမြို့အခြေစိုက် ကရင်ငြိမ်းချမ်းရေးကော်မတီ (KPC) ကို အစိုးရအာဏာပိုင်များက စောင့်ကြည့်နေသည်ဟု ဘားအံမြို့ရှိလူမှုရေးအဖွဲ့အစည်းတစ်ခုမှ အဖွဲ့ဝင်တစ်ဦးကပြောသည်။ (KIC 151211) Read More…
- အစိုးရအာဏာပိုင်များက ရန်ကုန်မြို့ မင်္ဂလာဒုံလေဆိပ်တွင် ဖမ်းဆီးခဲ့သည့် ကရင်အမျိုးသားအစည်းအရုံး (KNU) ခေါင်းဆောင် တစ်ဦးဖြစ်သူ ပဒိုမန်းငြိမ်းမောင်ကိုအင်းစိန်ထောင်အတွင်းရှိ တရားရုံးတစ်ခု၌ ထောင်ဒဏ် ၁၇ နှစ် ချမှတ်လိုက်ကြောင်း ၎င်းအမှုကို လိုက်လံဆောင်ရွက်ပေးနေသည့် ရန်ကုန်မြို့ရှိ ဒေသခံတစ်ဦးကပြောသည်။ (Irrawaddy 161211) Read More…
- ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းရှိ အစိုးရတပ်နှင့် ကချင်လွတ်မြောက်ရေးတပ်မတော် KIA တို့အကြား တိုက်ပွဲများကြောင့် အရပ်သားတို့အား ညှဉ်းပန်းသတ်ဖြတ်ခြင်း၊ အဓမ္မပြုကျင့်ခြင်း၊ ဖမ်းဆီးခေါ် ဆောင်သွားခြင်း၊ ရွာမီးရှို့ခြင်း စသည့်စစ်ရာဇဝတ်မှု များပေါ်ပေါက်ခဲ့ခြင်း ရှိမရှိကို ပြည်ထောင်စုအစိုးရ (သို့) ပြည်နယ်အစိုးရများအနေဖြင့် စနစ်တကျစုံစမ်းစစ်ဆေးသွားမည်ဟု ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးလဂွန်းအိုင်ဆိုင်းက ပြောဆိုလိုက်သည်။ (Myanmar Times Vol.28, No.548 16-1211) Read More…
- မြန်မာနိုင်ငံတွင် နှစ်ပေါင်း ၆၀ ကျော်ကြာ ငြိမ်းချမ်းမှုမရှိခဲ့ဘဲ လက်နက်ကိုင်ပဋိပက္ခများရှိနေဆဲကြောင့် ကမ္ဘာကအထင်သေးကြောင်း ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်ရေး ကော်မတီအဖွဲ့ခေါင်းဆောင်ဝန်ကြီး ဦးအောင်သောင်းက ဒီဇင်ဘာ ၁၆ ရက်နေ့က ရန်ကုန်မြို့ ၈ မိုင်လမ်းဆုံရှိ ဟိုတယ်ရန်ကုန်၌ ပြုလုပ်သည့်သတင်းစာရှင်းလင်းပွဲတွင်ပြောဆိုလိုက်သည်။ (Mizzima 161211) Read More…, BBC…
- လာမည့် ၂၀၁၂ခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် ကျရောက်မည့် ၆၄ နှစ်မြောက် ချင်းအမျိုးသားနေ့ကို ချင်းပြည်နယ်တွင် “အမျိုးသားနေ့” အဖြစ် တရားဝင်ကျင်းပခွင့်ပြုရေး တောင်းဆိုချက်ကို ဝန်ကြီးချုပ်ဦးဟုန်းငိုင်းက ပယ်ချလိုက်သည်။ (Khonumthung 161211) Read More…
- ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက နိုင်ငံ၏အရေးကြီးသော မဏ္ဍိုင်ကြီး သုံးရပ်အား တည့်မတ်အောင် စတုတ္ထမဏ္ဍိုင်က စောင့်ကြည့်ထိန်းသိမ်းပေးရန်လိုအပ်သည်ဟု ခံယူထားကြောင်း ဒီဇင်ဘာ ၁၃ ရက်နေ့က စာပေစာနယ်ဇင်းအဖွဲ့ဝင်များနှင့်တွေ့ဆုံစဉ် ပြောကြားလိုက်သည်။ (EMG 141211) Read More…

ကြံ့ဖွံ့ပါတီ

- ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ (USDP) ဗဟိုအလုပ်အမှုဆောင် ဦးအောင်သိန်းလင်းက ရန်ကုန်အခြေစိုက် ဒီမိုကရေစီ မိတ်ဆွေ ၁၀ ပါတီနှင့် ဒီဇင်ဘာလ ၄ ရက်နေ့က ရန်ကုန်မြို့ အင်းလျားကန် မြကျွန်းသာစားသောက်ဆိုင်တွင်တွေ့ဆုံစဉ် ပြည်ပလွှမ်းမိုးမှုရှိသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ကြောင့် မြန်မာနိုင်ငံအပေါ် ပြည်ပကလွှမ်းမိုးလာမည်ကို အထူးစိုးရိမ်မိ ကြောင်းပြောဆိုလိုက်သည်။ (Irrawaddy 151211) Read More…

တပ်မတော်

(က) စစ်ဆင်ရေး

- ကချင်ဒေသကို ထိုးစစ်ဆင်ရပ်ရန် မြန်မာအစိုးရ သမ္မတ ဦးသိန်းစိန်က ကာကွယ်ရေးဦးစီးချုပ်ထံ ညွှန်ကြားစာပေးပို့ခဲ့သော်လည်း မိုးမောက်မြို့နယ်၌ ဒီဇင်ဘာ ၁၃ ရက်နေ့တွင် တိုက်ပွဲဖြစ်ပွားလျှက်ရှိကာ မြန်မာစစ်တပ်ဘက်မှ စစ်လေယာဉ်ဖြင့် တပ်အင်အားများ ပို့ဆောင်နေသည်ဟု ကချင်လွတ်မြောက်ရေးတပ်မတော် KIA ပြောခွင့်ရပုဂ္ဂိုလ် ဦးလနန်ကပြောသည်။ (KIC 131211) Read More…
- အစိုးရလေတပ်မှ စစ်ရဟတ်ယာဉ်များ ကချင်ပြည်နယ် ဗန်းမော်ခရိုင် လွယ်ဂျယ်မြို့အနီး တပ်စွဲထားသောရှေ့တန်းစခန်းများသို့ ဒီဇင်ဘာ ၁၄ ရက်နေ့က လက်နက်ခဲယမ်းနှင့် ရိက္ခာများပေးပို့ခဲ့ကြောင်း ကချင်ပြည်လွတ်မြောက်ရေးအဖွဲ့ KIO ပြောခွင့်ရပုဂ္ဂိုလ် ဦးလနန်ကပြောသည်။ (S.H.A.N 151211) Read More…
- ကရင်ပြည်နယ် ဘုရားသုံးဆူမြို့နယ်အတွင်းတွင် မြန်မာစစ်တပ် စစ်ကွပ်ကဲရေးဌာနချုပ် စကခ (၁၉) လက်အောက်ခံစစ်ဗျူဟာ (၃) က ယခုပတ်အတွင်း အင်အားဖြည့်ရန်ရောက်ရှိလာကြောင်း ထိုဒေသရှိ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် KNLA က ပြောသည်။ (KIC 141211) Read More…

**NDD- မှတ်တမ်းတင်နှင့်သုတေသနဌာန**

## (ခ) လူ့အခွင့်အရေးချိုးဖေါက်မှုများ

- တနင်္သာရီတိုင်း၊ ပလောမြို့နယ်၊ အမိုဒေသတွင် လှုပ်ရှားနေသည့် အစိုးရစစ်တပ် နည်းဗျူဟာ နဗဟ (၃) မှူး ဗိုလ်မှူးကြီးစိုးမင်းဌေးနှင့် (၄၀၅) တပ်ရင်းမှူး ဗိုလ်မှူးဇော်ပိုင်ဦးတို့က ဒီဇင်ဘာလ ၇ ရက်နေ့မှစ၍ ဒေသခံရွာသားများအား ညမထွက်ရအမိန့်ထုတ်ပြန်လိုက်သည်ဟု ဒေသခံရွာသားများကပြောသည်။ (KIC 141211) Read More…
- ဒီဇင်ဘာ (၆) ရက်နေ့က တိုက်ပွဲများဖြစ်ပွားရာဒေသ ကချင်ပြည်နယ် မန်စီမြို့နယ် ခွဲပရာကျေးရွာမှ မွေးကင်းစ သုံးပတ်သားအရွယ် ကလေးငယ်တစ်ဦး၏ မိခင်ဖြစ်သူ အသက် ၃၄ နှစ်အရွယ်ကချင်အမျိုးသမီး ဒေါ်ဆွမ်ခါရွယ်တောင်ကို မြန်မာစစ်တပ်က ဓါး (ဘက်နက်) ဖြင့် ထိုးသတ်ခဲ့ကြောင်း ခင်ပွန်းသည်ကပြောသည်။ (KIC 151211) Read More…
- မြန်မာနိုင်ငံတောင်ပိုင်း ရေဖြူမြို့နယ်နှင့် ခေါဇာမြို့နယ်ခွဲရှိ ဒေသခံများကို တရားမဝင်လက်နက်ကိုင်အဖွဲ့များနှင့်ဆက်သွယ်ဟုဆိုကာ အစိုးရတပ်ရင်းများက နိုင်ထက်စီးနင်းပြုလုပ်နေသည်ဟု ဒေသခံများကပြောသည်။ (IMNA 161211) Read More…
- သျှမ်းပြည်အရှေ့ပိုင်း မိုင်းယန်းအခြေစိုက် မြန်မာစစ်တပ်က ၀ နှင့် သျှမ်းရွာသား ၂ ဦးအား သတ်ဖြတ်ကာ လျော်ကြေးငွေအနည်းငယ်ကို မယူမနေရလက်မှတ်ရေးထိုးယူခိုင်းကြောင်း၊ မကျေနပ်ပါက ကျိုင်းတုံအထိ အမှုဖွင့်အရေးယူနိုင်ကြောင်း မိုင်းခတ်စစ်ဗျူဟာမှ အရာရှိတစ်ဦးကခြိမ်းခြောက်ပြောဆိုလိုက်သည်။ (S.H.A.N 161211) Read More…
- သျှမ်းပြည်အရှေ့ပိုင်းရှိ သျှမ်း၊ ၀ နှင့် မိုင်းလားလက်နက်ကိုင်တပ်ဖွဲ့နှင့် မြန်မာအစိုးရတပ်မတော်အကြား အပစ်ရပ်သဘောတူလိုက်ပြီ ဖြစ်သော်လည်း သျှမ်းပြည်အရှေ့ပိုင်း ကျိုင်းတုံခရိုင်ကျေးလက်ဒေသသို့ မြန်မာစစ်တပ်များ အင်အားဖြည့်လှုပ်ရှားကာ ဒေသခံများ၏ ကြက်၊ ဝက်၊ ဆန်ရေစပါးဆင့်ယူနေဆဲဖြစ်ကြောင်း ကျိုင်းတုံဒေသခံတစ်ဦးကပြောသည်။ (S.H.A.N 161211) Read More…

## လွှတ်တော်

- လွှတ်တော်၏ အဓိကတာဝန်မှာ ဥပဒေပြုရေးသာဖြစ်ပြီး ဥပဒေများ ပီပြင်ပြည့်စုံစွာ ပြုနိုင်ရန်လိုအပ်ကြောင်း၊ ယင်းဥပဒေများပီပြင်မှ လွှတ်တော်လုပ်ငန်းများပီပြင်မည်ဟု ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဒီဇင်ဘာလ ၉ ရက်နေ့က ရန်ကုန်မြို့တွင် ကျင်းပသည့် ပြည်သူ့လွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် (ရုံးခွဲ) ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားလိုက်သည်။ (EMG 111211) Read More…
- ပြည်သူ့ လွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်က စီးပွားရေးပြုပြင်ပြောင်းလဲမှုကို အကျိုးသက်ရောက်မှုရှိမည့် တည်ဆဲဥပဒေများအား လေ့လာသွားမည်ဖြစ်ကြောင်း ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဒီဇင်ဘာလ ၉ ရက်နေ့ ရန်ကုန် ရုံးခွဲဖွင့်ပွဲအခမ်းအနားတွင် ပြောကြားလိုက်သည်။ (Myanmar Times Vol.28, No.548 16-1211) Read More…
- လာမည့်တတိယအကြိမ် လွှတ်တော်တွင် တင်ပြမည့် မီဒီယာဥပဒေအတွက် ကြိုတင်ပြင်ဆင်နိုင်ရန်နှင့် အကြံပေးနိုင်ရန် ပြည်သူ့လွှတ်တော်အားကစား၊ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်ရေးကော်မတီက လာမည့် ဒီဇင်ဘာ ၂၃ ရက်နေ့တွင် ရန်ကုန် မီဒီယာသမားများနှင့် တွေ့ဆုံမည်ဟု ပြည်သူ့လွှတ်တော်အမတ်တစ်ဦးဖြစ်သူ ဦးရဲထွန်းကပြောသည်။ (DVB 161211) Read More…

## အခြားနိုင်ငံရေးပါတီများ

- ကြံ့ခိုင်ရေးပါတီနှင့် ဒီမိုကရေစီမိတ်ဆွေများပါတီ ၁၀ ပါတီတို့ ပူးပေါင်းနေသည်ဟု ပြည်တွင်းဂျာနယ်အချို့တွင် ရေးသားဖော်ပြထားခြင်းနှင့်ပတ်သက်၍ “ကျနော်တို့က ပူးပေါင်းတာ မဟုတ်ဘူး။ လုံးဝမပူးပေါင်းဘူး။ တူတာတွေကို လက်တွဲလုပ်နေတာ ဖြစ်တယ်။ လက်တွဲဆောင်ရွက်ဖို့ပဲ ဖြစ်တယ်” ဟု သျှမ်းအမျိုးသားဒီမိုကရက်တစ်ပါတီ SNDP ခေါင်းဆောင်တစ်ဦးဖြစ်သူ ဦးစောသန်းမြင့်က ပြောသည်။ (Mizzima 131211) Read More…
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ခွဲထွက်များဖြင့် တည်ထောင်ထားသည့် အမျိုးသားဒီမိုကရေစီအင်အားစုပါတီ NDF မှ အထက်လွှတ်တော်အမတ် ဒေါက်တာမြတ်ဉာဏစိုးက လက်ရှိပါတီမှနုတ်ထွက်ကာ NLD နှင့် ပူးပေါင်းသွားမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။ (Mizzima 151211) Read More…
- ရခိုင်ပြည်နယ်နေ့အား ပြည်နယ်ဝန်ကြီးချုပ်ဦးဆောင်၍ စည်ကားစွာကျင်းပနေသော်လည်း ၎င်းအစီအစဉ်တွင် ရခိုင်တိုင်းရင်းသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ RNDP အနေနှင့် ပါဝင်ပတ်သက်မှုမရှိကြောင်း RNDP စစ်တွေမြို့နယ် ဥက္ကဋ္ဌ ဦးအောင်မြကျော်ကပြောသည်။ (Mizzima 151211) Read More…

**NDD- မှတ်တမ်းတင်နှင့်သုတေသနဌာန**

- သျှမ်းပြည်အတွင်းလစ်လပ်နေသည့် လွှတ်တော်အမတ် ၂ နေရာအနက် ကလောမြို့မဲဆန္ဒနယ်၌ စဝ်သာဦးအား သျှမ်းအမျိုးသားများ ဒီမိုကရက်တစ်ပါတီ SNDP အမတ်အချို့က အမည်စာရင်းတင်သွင်းခဲ့ရာ ပါတီ ဥက္ကဋ္ဌ ကလက်ခံလိုက်ပြီဖြစ်ကြောင်း SNDP လွှတ်တော်အမတ်တစ်ဦးက ပြောသည်။ (S.H.A.N 151211) Read More…
- မွန်အမျိုးသားဒီမိုကရေစီအဖွဲ့ (MNDF) နှင့် မွန်ဒေသလုံးဆိုင်ရာဒီမိုကရေစီပါတီ AMDP ပေါင်းစည်းရေးအတွက် နိုဝင်ဘာလ ၂၇ ရက်နေ့မှစ၍ စစ်တမ်းကောက်ခဲ့ရာ မွန်သံဃာတော်များနှင့် မွန်ပြည်သူအများစုက ထောက်ခံကြကြောင်း AMDP ဥက္ကဋ္ဌ နိုင်ငွေသိန်း (ခေါ်) နိုင်ဂျနမွန်ကပြောသည်။ (IMNA 151211) Read More…

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

- လာမည့်ကြားဖြတ် ရွေးကောက်ပွဲ ကျင်းပနိုင်ရန် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိရေးအတွက် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်က တိုင်းဒေသကြီး/ ပြည်နယ် ကော်မရှင်အဖွဲ့ခွဲများသို့ နိုဝင်ဘာလ ဒုတိယပတ်က အကြောင်းကြားထားလိုက်ပြီဖြစ်သည်။ (EMG 111211) Read More…
- ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေးက မကြာမီကျင်းပရန်ရှိသည့် ကြားဖြတ်ရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီများကို ထိန်းချုပ်ကန့်သတ်မှုမရှိဘဲ လွတ်လပ်စွာမဲဆွယ်စည်းရုံးခွင့်ပြုသွားမည်ဖြစ်ကြောင်း ဒီဇင်ဘာ ၁၆ ရက်နေက နေပြည်တော်တွင် ကျင်းပပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားလိုက်သည်။ (Irrawaddy 161211) Read More…, BBC…
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည် ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်လာခြင်းကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေးကကြိုဆိုကြောင်း ဒီဇင်ဘာ ၁၆ ရက်နေ့ နေပြည်တော် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားလိုက်သည်။ (VOA 161211) Read More…

## အမျိုးသားလူ့အခွင့်အရေးကော်မရှင်

- ကချင်ပြည်နယ်မှ ဒုက္ခသည်များကို ကုလသမဂ္ဂနှင့်အခြားအဖွဲ့အစည်းများက အကူအညီပေးနိုင်ရေးအတွက် မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်အတွင်းရေးမှူး ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့က အစိုးရနှင့် ကချင်လွတ်မြောက်ရေးအဖွဲ့ KIO တို့ အကြား စေ့စပ်ဆွေးနွေးမှုများပြုလုပ်ပေးခဲ့သည်ဟု ကော်မရှင် ဥက္ကဋ္ဌ ဦးဝင်းမရက ပြောသည်။ (BBC 131211) Read More…
- ကချင်ပြည်နယ်အတွင်း စစ်ဖြစ်ပွားမှုကြောင့် ထွက်ပြေးတိမ်းရှောင်နေရသော ကလေးငယ်များသည် စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုများနှင့် ရင်ဆိုင်နေရကြောင်းမြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က ဒီဇင်ဘာ ၁၄ ရက်နေ့တွင် ကြေညာချက်ထုတ်ပြန်လိုက်သည်။ (Irrawaddy 141211) Read More…

## အတိုက်အခံအင်အားစုများ (ပြည်တွင်း)

### (က) ဒေါ်အောင်ဆန်းစုကြည်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

- လာမည့် ကြားဖြတ်ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ပါတီက ပါတီသင်္ကေတ အမှတ်အသားကို ခမောက်တံဆိပ်မှ `ခွပ်ဒေါင်း-ကြယ်အဖြစ် ပြောင်းလဲကြောင်း ဒီဇင်ဘာ ၁၁ ရက်နေ့ ကြေးမုံသတင်းစာတွင် တရားဝင်ကြေညာလိုက်သည်။ (DVB 11211) Read More…
- ကလေးသူငယ်များအား ကူးသန်းရောင်းဝယ်နေခြင်းသည် တိုင်းပြည်၏ အနာဂတ်အား အလောင်းအစားပြုလုပ်နေခြင်းဖြစ်ကြောင်း နိုင်ငံတကာ ကလေးကူးသန်းရောင်းဝယ်ရေးနေ့၌ လူထုခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်က ပြောဆိုလိုက်သည်။ (Mizzima 121211) Read More…
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) နိုင်ငံရေးပါတီ ထူထောင်ခွင့်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ခွင့်ပြုလိုက်လိုက်ပြီ ဖြစ်ကြောင်း ပါတီပြောခွင့်ရပုဂ္ဂိုလ် ရွှေနေ ဦးဉာဏ်ဝင်းကပြောသည်။ (Irrawaddy 131211) Read More…, BBC…
- ကချင်ပြည်နယ် ဗန်းမော်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD က ရွေးကောက်ပွဲအောင်နိုင်ရေး အစည်းအဝေးတစ်ရပ်ကို ပါတီစည်းရုံးရေးမှူး ဦးဘမြင့်၏ နေအိမ်တွင် ဒီဇင်ဘာလ ၁၂ ရက်နေ့က ကျင်းပပြုလုပ်ခဲ့ကြောင်း အစည်းအဝေးတက်ရောက်ခဲ့သူ ပါတီဝင်လူငယ်တစ်ဦးကပြောသည်။ (S.H.A.N 131211) Read More…

- ရန်ကုန်တိုင်း ကြည့်မြင်တိုင်မြို့နယ် သာဓုကျောင်းတိုက်မှ ရွှေညဝါဆရာတော် ဦးပညာသီအား ဖိအားပေးခံရသည့်ကိစ္စများနှင့် ပတ်သက်ပြီး ဒေါ်အောင်ဆန်းစုကြည်က စိုးရိမ်ကြောင်းနှင့် ယင်းပြဿနာကို ငြိမ်းငြိမ်းချမ်းချမ်းဖြင့် ပြေလည်ရန်ဖြေရှင်းသွားရန် တာဝန်ပေးခဲ့ကြောင်း အဆိုပါကျောင်းတိုက်တွင် တပည့်၊ ဒကာများနှင့် သွားရောက်ခဲ့သူ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ကိုယ်စား သွားရောက်ခဲ့သည့် ဒု-ဥက္ကဌ ဦးတင်ဦးက ပြောသည်။ (DVB 151211) Read More…
- လာမည့် ကြားဖြတ်ရွေးကောက်ပွဲတွင် လစ်လပ်နေရာ တခုဖြစ်သည့် စစ်ကိုင်းတိုင်း၊ ပုလဲမြို့နယ်ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်အတွက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD မှ မုံရွာအောင်ရှင် ဝင်ရောက်ယှဉ်ပြိုင် အရွေးခံဖွယ်ရှိကြောင်း ၎င်းကပြောသည်။ (Mizzima 161211) Read More…
- မကြာမီ ကျင်းပပြုလုပ်မည့် ကြားဖြတ်ရွေးကောက်ပွဲ၌ လစ်လပ်နေသည့် မဲဆန္ဒနယ်မြေများတွင် အဖွဲ့ချုပ်မှ တာဝန်ပေးအပ်ပါက ဝင်ရောက်အရွေးခံမည်ဟု အမျိုးသားဒီမိုကရေအဖွဲ့ချုပ် NLD ၏ ကရင်ပြည်နယ် ပြည်သူ့လွှတ်တော်အမတ် ဒေါ်နန်းခင်ထွေးမြင့်က ဒီဇင်ဘာ ၁၆ ရက်နေ့က ပြောကြားလိုက်သည်။ (KIC 161211) Read More…
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ပါတီကို ပြန်လည်ဖွဲ့စည်းသည့်အခါတွင် ပါတီအထွေထွေအတွင်းရေးမှူး ရာထူးမထားတော့ဘဲ ဥက္ကဌနှင့် အတွင်းရေးမှူးအဖွဲ့သာ ထားရှိတော့မည်ဟု NLD ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် တစ်ဦးဖြစ်သူ ဦးဉာဏ်ဝင်းကပြောသည်။ (VOA 171211) Read More…

## တိုင်းရင်းသားလက်နက်ကိုင်အင်အားစုများ

- အစိုးရနှင့်ကရင်အမျိုးသားအစည်းအရုံး KNU တို့ အပစ်ရပ်ရေးဆွေးနွေးနေကြသော်လည်း လွန်ခဲ့သည့် ဒီဇင်ဘာ ၆ ရက်နေ့က ထား ဝယ်ခရိုင် KNU တပ်မဟာ ၄ နယ်မြေတွင် အစိုးရတပ် စကခ ၈ လက်အောက်ခံ ခမရ ၄၇၉ နှင့် KNU တို့အကြားတိုက်ပွဲများ ဆက်လက်ဖြစ်ပွားခဲ့သည်ဟု KNU တပ်မဟာ ၄ မှပြောခွင့်ရပုဂ္ဂိုလ်တစ်ဦးကပြောသည်။ (DVB 121211) Read More…
- ကရင်ပြည်နယ်ကို ပြည်ထောင်စုအတွင်းခွဲ ခွဲမထွက်ရန် အပါအဝင် အစိုးရနှင့် တိုးတက်သော ဗုဒ္ဓဘာသာကရင်အမျိုးသားတပ်မတော် ကလိုထူးဘောတပ်ဖွဲ့နှင့်ပမာဏငြိမ်းချမ်းရေးတည်ဆောက်မှုသဘောတူညီချက်ကို ဒီဇင်ဘာ ၁၁ ရက်နေ့က ကရင်ပြည်နယ် ဘားအံမြို့တွင် လက်မှတ်ရေးထိုးခဲ့ကြသည်ဟု နိုင်ငံပိုင် ရုပ်မြင်သံကြားက ကြေညာလိုက်သည်။ (Mizzima 121211) Read More…
- သမ္မတ ဦးသိန်းစိန်မှ ဒီဇင်ဘာလ (၁၀) ရက်နေ့ နေ့စွဲဖြင့် ကာကွယ်ရေး ဦးစီးချုပ် (ကြည်း) သို့ ကချင်ပြည်နယ်အတွင်း ဖြစ်ပွားနေသည့်တိုက်ပွဲများ ရပ်တန့်ရန် အကြောင်းကြားစာအပေါ် KIO ဒု-နိုင်ငံခြားရေး ဝန်ကြီး ဗိုလ်မှူးကြီးဂျိန်း လန်ထောင်က ယင်းစာသည်အမှန်ဖြစ်ခဲ့ပါက နိုင်ငံရေးပရိယာယ်တစ်ရပ်သာဖြစ်ကြောင်း ပြောကြားလိုက်သည်။ (Phophtaw 121211) Read More…
- သျှမ်းပြည်တပ်တော်(တောင်ပိုင်း)ခေါ် RCSS/SSA သည် နေပြည်တော် အစိုးရတပ်မတော်နှင့် အပစ်ရပ်ကြောင်း သံယာတော် အပါအဝင် လူထုတစ်ရပ်လုံးနှင့် ကေဒါတပ်သားထုများအား ရှင်းလင်းတင်ပြပွဲတရပ် ပြုလုပ်ခဲ့ရာ ဒုတိယ ဗိုလ်ချုပ်ကြီး ယွက်စစ်က "အပစ်ရပ်တယ်ဆိုတာ တိုက်ခိုက်မှုမပြုတာတခုထဲမဟုတ်ဘူး၊ ဗမာ့တပ်မတော်က လူထုအပေါ် ကျူးလွန်နေတဲ့ လူ့အခွင့်အရေး ချိုးဖေါက်မှုများအားလုံးရပ်တန့်ရမယ်။ ကျေးရွာအဓမ္မရွှေ့ပြောင်းခိုင်းတာ၊ အဓမ္မပြုကျင့်တာ၊ ရပ်ရွာတွေကို မီးတင်ရှို့တာ၊ ရပ်ရွာလူထု ကို အကြောင်းမဲ့သတ်ဖြတ်တာတွေဘာတခုမှ မရှိစေရဘူး။ အားလုံးရပ်တန့်ရမယ်။ သျှမ်းပြည်အကျိုး၊ ပြည်ထောင်စု အကျိုးမျှော်ကိုးပြီး အပစ်ရပ်ရတာဖြစ်တယ်" - ဟု ပြောကြားလိုက်သည်။ (S.H.A.N 121211) Read More…
- မကြာသေးခင်က အစိုးရနှင့်အပစ်အခတ်ရပ်စဲရေးပြုလုပ်ထားခဲ့သည့် ရှမ်းပြည်တပ်မတော်တောင်ပိုင်း (ခေါ်) ရှမ်းပြည်ပြန်လည် တည်ဆောက်ရေးကောင်စီ SSA/ RCSS အဖွဲ့က နိုင်ငံရေးအရဆွေးနွေးပွဲများ ပြေလည်မှုမရပါက အချိန်မရွေးသေနတ် ပြန်ပေါက်နိုင် ကြောင်း ဒီဇင်ဘာ ၁၂ ရက်နေ့ကပြုလုပ်သည့်ရှင်းလင်းပွဲတစ်ရပ်တွင် ရဟန်းသံဃာ၊ ပြည်သူလူထုများနှင့် တပ်ဖွဲ့ဝင် များအား RCSS ဥက္ကဌ ဒု-ဗိုလ်ချုပ်ကြီး ယွက်ဆစ်ကပြောဆိုလိုက်သည်။ (NMG 121211) Read More…
- မွန်ပြည်သစ်ပါတီအနေဖြင့် ငြိမ်းချမ်းရေးဆွေးနွေးရန်အတွက် မြန်မာအစိုးရကိုယ်စားလှယ်များနှင့် တွေ့ဆုံရန် အစီအစဉ်ရှိကြောင်း မွန်ပြည်သစ်ပါတီ အထွေထွေအတွင်းရေးမှူး နိုင်ဟံသာကပြောဆိုလိုက်သည်။ (IMNA 121211) Read More…
- အစိုးရတပ်များအနေဖြင့် ကချင်လွတ်မြောက်ရေးတပ်မတော် KIA အပေါ် ထိုးစစ်ဆင်မတိုက်ခိုက်ရန် ဒီဇင်ဘာ ၁၀ ရက်နေ့က သမ္မတဦးသိန်းစိန်မှ ညွှန်ကြားထားသော်လည်း ယနေ့ ဒီဇင်ဘာ ၁၂ ရက်နေ့အထိ တိုက်ပွဲများဆက်လက်ဖြစ်ပွားနေဆဲဖြစ်ကြောင်း ကချင်လွတ်မြောက်ရေးအဖွဲ့ KIO ပြောခွင့်ရသူ ဦးလနန်က ပြောသည်။ (VOA 121211) Read More…
- ကချင်လွတ်မြောက်ရေးအဖွဲ့ KIO ဌာနချုပ်လိုင်ဇာမြို့ရှိ စစ်ပြေးဒုက္ခသည်များအတွက် ကမ္ဘာ့ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး UNHCR နှင့် ကမ္ဘာ့ကုလသမဂ္ဂ ကလေးများဆိုင်ရာ ရန်ပုံငွေအဖွဲ့ UNICEF က ပထမဆုံးအကြိမ်လှူဒါန်းသော

ပစ္စည်းများကို လက်ခံသော်လည်း အစိုးရဘက်မှ လှူဒါန်းပစ္စည်းများကိုလက်မခံကြောင်း KIO စစ်ပြေးဒုက္ခသည် ကူညီရေးကော်မတီ တာဝန်ခံ ဦးဒွဲပီဆားကပြောသည်။ (Mizzima 131211) Read More...

- ကချင်လွတ်မြောက်ရေးတပ်မတော် KIA မှ အရွယ်မရောက်သေးသည့် ကလေးများကို အဓမ္မစစ်မှုထမ်းခိုင်းနေမှုများရှိနေကြောင်း ကြားသိခဲ့သည်ဟု မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် အတွင်းရေးမှူး ဦးစစ်မြိုင်၏ စွပ်စွဲချက်ကို KIA ဒု-စစ်ဦးစီးချုပ် ဗိုလ်မှူးချုပ် ဂွမ်မော်က ငြင်းဆိုလိုက်သည်။ (RFA 141211) Read More...
- အပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးကို အမှန်တကယ် ဆောင်ရွက်လိုပါက မိမိတို့၏ တောင်းဆိုချက်ကို အစိုးရကလိုက်လျောရမည်ဖြစ်ကြောင်း သျှမ်းပြည်တပ်မတော် (မြောက်ပိုင်း) SSA/ SSPP ပြောခွင့်ရပုဂ္ဂိုလ် ဗိုလ်မှူးစိုင်းလှကပြောသည်။ (NMG 151211) Read More...

## အတိုက်အခံအင်အားစုများ (ပြည်ပ)

- ပြုပြင်ပြောင်းလဲရေးများ မြန်မြန်ဆန်ဆန်ဆောင်ရွက်ပေးရန် အိန္ဒိယနိုင်ငံရောက် မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့အား အိန္ဒိယလွှတ်တော် ခေါင်းဆောင်များမှ ထိထိရောက်ရောက်ပြောဆိုပေးရန် နယူးဒေလီအခြေစိုက် မြန်မာ့အရေးလှုပ်ရှားနေသူများက ဒီဇင်ဘာ ၁၂ ရက်နေ့တွင် တိုက်တွန်းတောင်းဆိုလိုက်သည်။ (RFA 121211) Read More...
- ဒိန်းမတ်နိုင်ငံ ဘွန်းဟွန်းကျွန်းရှိ အဝေးရောက် မွန်အဖွဲ့အစည်းနှင့် ချင်းဂီတအဖွဲ့တို့ဦးစီးကာ ကချင်စစ်ပြေးဒုက္ခသည်များအတွက် ရန်ပုံငွေရှာဖွေတစ်ပွဲတစ်ရပ်ကျင်းပခဲ့ကြောင်း ပွဲဖြစ်မြောက်ရေး ကော်မတီဝင်တစ်ဦးဖြစ်သည့် ဆလိုင်းစံကပြောသည်။ (IMNA 121211) Read More...
- အိန္ဒိယ-မြန်မာ နှစ်နိုင်ငံချစ်ကြည်ရေးခရီးစဉ်အဖြစ် အိန္ဒိယလွှတ်တော်အတွင်း မြန်မာလွှတ်တော် ဥက္ကဋ္ဌ သူရ ဦးရွှေမန်းနှင့် လွှတ်တော်ကိုယ်စားလှယ်များ လာရောက်လေ့လာနေစဉ် အိန္ဒိယရှိ မြန်မာ့ဒီမိုကရေစီအင်အားစုများက ကချင်ထိုးစစ်ရပ်ရေးနှင့် နိုင်ငံရေးအကျဉ်းသားများလွှတ်ပေးရေးရန် ဆန္ဒပြတောင်းဆိုခဲ့သည်။ (RFA 141211) Read More...
- ပြုပြင်ပြောင်းလဲမှုများကို သိသာထင်ရှားစွာ ဆက်လက်လုပ်ဆောင်သည့်အပေါ်မူတည်ပြီး ဂျပန်အစိုးရ၏ အကူအညီ ODA ကို ပေးသင့်ကြောင်း ဂျပန် ဒု-နိုင်ငံခြားရေးဝန်ကြီးနှင့် ဒီဇင်ဘာ ၁၄ ရက်နေ့ တွေ့ဆုံမှုတွင် မြန်မာနိုင်ငံအလုပ်သမားများသမဂ္ဂအဖွဲ့ချုပ် FTUB နှင့် RENGO ခေါ် ဂျပန် အလုပ်သမားသမဂ္ဂ ကိုယ်စားလှယ်တို့ကပန်ကြားလိုက်သည်။ (RFA 141211) Read More...
- နိုင်ငံရေးအကျဉ်းသား အရေးအတွက် တိတိကျကျ ထုတ်ပြန်နိုင်ရန် အစိုးရအပါအဝင် မည်သည့် အဖွဲ့အစည်းနှင့်မဆို လက်တွဲဆောင်ရွက်နိုင်သည်ဟု AAPP ခေါ် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်းက ဒီဇင်ဘာ ၁၅ ရက်နေ့တွင် ပြောဆိုလိုက်သည်။ (RFA 151211) Read More...
- မြန်မာနိုင်ငံကို ဂျပန်အစိုးရပေးမည့် ဖွံ့ဖြိုးရေးအကူအညီ ODA သည် ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးကို အထောက်အကူပြုမည့် အကူအညီများအဖြစ် ရောက်ရှိရန်လိုအပ်ကြောင်း မြန်မာ့ဒီမိုကရေစီအင်အားစု ကိုယ်စားလှယ်အဖွဲ့က ဂျပန်နိုင်ငံခြားရေးဌာနနှင့် ဒီဇင်ဘာ ၁၆ ရက်နေ့ တွေ့ဆုံပွဲတွင် ပြောကြားလိုက်သည်။ (RFA 161211) Read More...

## နိုင်ငံတကာ

### (က) ကုလသမဂ္ဂနှင့် နိုင်ငံတကာ အစိုးရအဖွဲ့အစည်းများ

- ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) ထိန်းချုပ်ရာ လိုင်ဇာဒေသရှိ ကချင်စစ်ပြေးဒုက္ခသည်များအတွက် ရန်ကုန်အခြေစိုက် ကုလသမဂ္ဂမှ ပထမဆုံးအကြိမ်သွားရောက်၍ အိမ်သုံးပစ္စည်းများနှင့် စားသောက်ကုန်များထောက်ပံ့ပေးခဲ့ကြောင်း ရန်ကုန်အခြေစိုက် ကုလသမဂ္ဂရုံး၏ ပြန်ကြားရေးတာဝန်ခံ ဦးအေးဝင်းကပြောသည်။ (Irrawaddy 131211) Read More..., VOA...
- မြန်မာနိုင်ငံမှ အခြေအနေများအပေါ် အကောင်းမြင်ကြောင်း ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး UNHCR လက်ထောက် မဟာမင်းကြီး Erika Feller က ၄င်း၏ မြန်မာနိုင်ငံခရီးစဉ်အပြီးပြောဆိုလိုက်သည်။ (RFA 141211) Read More...
- မြန်မာနိုင်ငံအတွင်း အခြေအနေအရပ်ရပ်၌ စိတ်ဝင်စားစရာကောင်းလောက်အောင် တိုးတက်ဖြစ်ထွန်းမှုများ တွေ့နေရပြီး ယင်းထက် ပိုမိုဖြစ်ထွန်းတိုးတက်လာရန် ကုလသမဂ္ဂအနေဖြင့် ဆက်လက်ကြိုးပမ်းသွားမည်ဟု ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက ဒီဇင်ဘာ ၁၃ ရက်နေ့က ပြောဆိုလိုက်သည်။ (VOA 141211) Read More...

**NDD- မှတ်တမ်းတင်နှင့်သုတေသနဌာန**

- ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်း နယူးဒေလီတွင်ရောက်ရှိစဉ် မြန်မာပြည်အတွင်း လူ့အခွင့်အရေးအခြေအနေတိုးတက်ရေး အတွက် ဖိအားပေးရန် မြန်မာပြည် ဒီမိုကရေစီအရေးအတွက် ဆောင်ရွက်နေသော အိန္ဒိယလွှတ်တော် အမတ်များအဖွဲ့ IPFDB က အိန္ဒိယအစိုးရကို တိုက်တွန်းတောင်းဆိုလိုက်သည်။ (Irrawaddy 151211) Read More...
- ဥရောပသမဂ္ဂ EU နိုင်ငံခြားရေးနှင့် လုံခြုံရေးရာ အကြီးအကဲ၏ အကြံပေးပုဂ္ဂိုလ် မစ္စတာရောဘတ်ကူးပါး Robert Cooper နှင့် ဒေါ်အောင်ဆန်းစုကြည်တို့ ဒီဇင်ဘာ ၁၅ ရက်နေ့က တွေ့ဆုံရာတွင် နိုင်ငံရေးအကျဉ်းသားများလွှတ်ပေးရေးနှင့် ငွေကြေးဆိုင်ရာ ကိစ္စများကိုဆွေးနွေးခဲ့ကြောင်း NLD ပြောခွင့်ရပုဂ္ဂိုလ် ဦးဉာဏ်ဝင်းကပြောသည်။ (Mizzima 151211) Read More...

## (ခ) အစိုးရ

- လွှတ်တော်လုပ်ထုံးလုပ်နည်းများနှင့် စံသတ်မှတ်ချက်များ အားကောင်းလာရေးအပါအဝင် မြန်မာနိုင်ငံတွင် ဒီမိုကရေစီစနစ်ထွန်းကား ရေးလုပ်ငန်းများကို အားပေးကူညီသွားမည်ဟု အိန္ဒိယလွှတ်တော်အကြီးအကဲ Meira Kumar က ဒီဇင်ဘာ ၁၁ ရက်နေ့ မြန်မာနိုင်ငံမှ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရရွှေမန်းခေါင်းဆောင်သည့် လွှတ်တော်ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံစဉ် ပြောကြားလိုက်သည်။ (RFA 121211) Read More...
- အမေရိကန်နိုင်ငံရောက် ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး ဂီလျံဟိတ်ဂ် (William Hague) က မြန်မာနိုင်ငံကို လာမည့် ၂၀၁၂ ခုနှစ် ဇန်နဝါရီလ အစောပိုင်းတွင် သွားရောက်မည်ဖြစ်ကြောင်း အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ပူးတွဲကျင်းပသော သတင်းစာရှင်းလင်းပွဲတွင် ပြောကြားလိုက်သည်။ (VOA 121211) Read More...
- ပိုလန်နိုင်ငံခြားရေးဝန်ကြီးဌာန၏ ဖိတ်ကြားချက်အရ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD မှ လူငယ် ၈ ဦးသည် ပိုလန်နိုင်ငံ၏ အသွင်ကူးပြောင်းရေးအတွေ့အကြုံများကို တစ်ပတ်ကြာလေ့လာရန် ပိုလန်နိုင်ငံကိုရောက်ရှိနေသည်ဟု လေ့လာရေးအဖွဲ့ဝင် မအေးအေးငြိမ်းကပြောသည်။ (RFA 121211) Read More...
- မြန်မာအစိုးရ ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများကို တရုတ်နိုင်ငံက အမေရိကန်နှင့်အတူ ပူးပေါင်းဆောင်ရွက်ရန် စိတ်ဝင်စားမှု တွေ့ရကြောင်း မြန်မာနိုင်ငံဆိုင်ရာ အမေရိကန် အထူးကိုယ်စားလှယ် ဒဲရက်မစ်ချဲလ် (Derek Mitchell) က ၄င်း၏ ဒေသတွင်း ၃ နိုင်ငံခရီးစဉ်နောက်ဆုံးဖြစ်သည့် တရုတ်နိုင်ငံခရီးစဉ်အတွင်း ပြောဆိုလိုက်သည်။ (VOA 131211) Read More...
- ဒီဇင်ဘာလ ၁၂ ရက်က နယ်စပ်ရှိ ကချင်လွတ်မြောက်ရေးတပ်ဖွဲ့ (KIA) တပ်စခန်းအား မြန်မာအစိုးရတပ်က လက်နက်ကြီးဖြင့် ချိန်ရွယ်ပစ်ခတ်စဉ် တရုတ်နယ်ပိုင်နက်ထဲသို့ ကျရောက်သော်လည်း တရုတ်အစိုးရကအများသိထုတ်ပြန်ခြင်းမရှိကြောင်း KIA အရာရှိများက ပြောသည်။ (KNG 151211) Read More...
- အိမ်နီးချင်း တရုတ်နိုင်ငံနှင့် ချစ်ခင်ရင်းနှီးလိုသည်ဟု အမြဲပြောလေ့ရှိသည့် ဒေါ်အောင်ဆန်းစုကြည်၏ မေတ္တာရပ်ခံချက်အရ သူမနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး Li Junhua တို့ လွန်ခဲ့သည့်တစ်ပတ်အတွင်း တွေ့ဆုံခဲ့ကြသည်ဟု တရုတ်နိုင်ငံခြားရေးဌာန ပြောခွင့်ရသူ Liu Weimin က ဒီဇင်ဘာ ၁၅ ရက်နေ့တွင် ပြောကြားလိုက်သည်။ (VOA 151211) Read More..., BBC...
- မြန်မာနိုင်ငံအရေးနှင့်ပတ်သက်၍ အမေရိကန်ပြည်ထောင်စုနှင့်တရုတ်နိုင်ငံအတွက် တူညီသည့်စိတ်ဝင်စားမှုများရှိနေပြီး ယင်းအပေါ် တွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်သွားမည်ဟု တရုတ်နိုင်ငံရောက် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန် အထူးကိုယ်စားလှယ် ဒဲရက်မစ်ချဲလ် (Derek Mitchell) က ဒီဇင်ဘာ ၁၅ ရက်နေ့ ဘေဂျင်း၌ သတင်းထောက်များအား ပြောဆိုလိုက်သည်။ (VOA 161211) Read More...
- မြန်မာနိုင်ငံတွင် လက်ခံကျင်းပမည့် စတုတ္ထအကြိမ် မဟာမဲခေါင်ဒေသခွဲ ထိပ်သီးအစည်းအဝေးတက်ရောက်ရန်ရှိသည့် ထိုင်း ဝန်ကြီးချုပ် ယင်လပ်ခ် ရှင်နာဝပ်က မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် လာမည့် ဒီဇင်ဘာ ၂၀ ရက်နေ့တွင် တွေ့ဆုံရန်ရှိကြောင်း ထိုင်းဝန်ကြီးချုပ်ရုံးပြောခွင့်ရသူကပြောသည်။ (DVB 161211) Read More...
- မြန်မာရေတပ်ဦးစီးချုပ် ဒု-ဗိုလ်ချုပ်ကြီး ဉာဏ်ထွန်းသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ၄ ရက်ကြာ ခရီးစဉ်အဖြစ် ဒီဇင်ဘာ ၁၂ နေ့မှ စတင်သွားရောက်ခဲ့ပြီး ဘင်္ဂလားဒေ့ရှ် ရေတပ်စစ်ဦးချုပ် Zahir Uddin Ahmed နှင့် တွေ့ဆုံ၍ နှစ်နိုင်ငံစစ်ဘက်ဆိုင်ရာကိစ္စများ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဒီဇင်ဘာ ၁၆ ရက်နေ့ထုတ် အစိုးရသတင်းစာတွင် ဖော်ပြထားသည်။ (Irrawaddy 171211) Read More...

(ဂ) အစိုးရမဟုတ်သောအဖွဲ့အစည်းများ

- မြန်မာနိုင်ငံသည် မြောက်ကိုရီးယားကဲ့သို့ နိုင်ငံတို့၏အကူအညီယူပြီး နျူကလီယားလုပ်ငန်းများလုပ်ဆောင်ရန် ကြိုးပမ်းနေသည်ဆိုသည့် နိုင်ငံတကာ၏သံသယများရှင်းသွားစေရန် IAEA ခေါ် နိုင်ငံတကာ အဏုမြူစွမ်းအင် အေဂျင်စီနှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တို့ကို ပွင့်ပွင့်လင်းလင်းပြသရန်လိုအပ်သည်ဟု ဝါရှင်တန်အခြေစိုက် ISIS နိုင်ငံတကာလုံခြုံရေးဆိုင်ရာနှင့် သိပ္ပံဆိုင်ရာအဖွဲ့ကြီးကပြောကြားလိုက်သည်။ (VOA 151211) Read More…

***End of report/ Saturday, December 17, 2011***
**ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု၊ မှတ်တမ်းတင်နှင့်သုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။**
***Documentation and Research Department (NDD)***